**ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး**

**ဗဟိုဌာနချုပ်**

**ကော်သူးလေ**

www.knuhq.org

**အာဏာသိမ်းအကြမ်းဖက်စစ်ကောင်စီတပ်၏ လေကြောင်းဖြင့် ဗုံးကြဲပစ်ခတ်တိုက်ခိုက်မှုကြောင့် အပြစ်မဲ့ကျောင်းသားကလေးသူငယ် (၃) ဦးအပါအဝင် (၅) ဦးသေဆုံး၍ (၂၂)ဦး ထိခိုက်ဒဏ်ရာရခဲ့မှုများနှင့် ပတ်သက်၍ ထုတ်ပြန်ကြေညာချက်**

ကရင့်သက္ကရာဇ်- ၂၇၆၄ ခုနှစ်၊ လားနွီးလဆုတ် (၁) ရက်။

ခရစ်သက္ကရာဇ် -၂၀၂၅ ခုနှစ်၊ ဇွန်လ (၁၁) ရက်။

၂၀၂၅ ခုနှစ် ဇွန်လ(၉)ရက်နေ့ မွန်းလွဲ (၁း၄၅)မိနစ်အချိန်တွင် အဏာသိမ်းအကြမ်းဖက် စစ်ကောင်စီတပ် မှ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၊ ကော်သူးလေ အုပ်ချုပ်နယ်မြေအတွင်းရှိ ဒူးပလာယာခရိုင်၊ ကျုံဒိုး မြို့နယ်၊ ပိုင်ရပ်ကျေးရွာအုပ်စု၊ ပိုင်ရပ်ကျေးရွာထဲရှိ စာသင်ဆောင်များထဲသို့စစ်ကောင်စီလေတပ်မှ လေကြောင်း ဖြင့် Cluster ဗုံးသီး အမျိုးအစား(၁)လုံး၊ အခြား ဗုံးသီး(၃)လုံး ဖြင့် ဗုံးကြဲပစ်ခတ်တိုက်ခိုက်ခဲ့ခြင်း ကြောင့် စာသင်ကြားနေသော ကလေးသူငယ်များထဲမှ ကလေးသူငယ် (၃)ဦး အပါအဝင် အရပ်သားပြည်သူ (၂) ဦး စုစုပေါင်း (၅) ဦး သေဆုံးခဲ့ကာ ထိခိုက်ဒဏ်ရာရသူစုစုပေါင်း (၂၂) ဦးရှိခဲ့ပြီး စာသင်ဆောင်များနှင့်နေအိမ်များ ပျက်ဆီး ခဲ့ရသောဖြစ်ရပ်နှင့် ပတ်သက်၍ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးအနေဖြင့် သေဆုံးသူ မိသားစုဝင်များနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲ ရပါသည်။

အာဏာသိမ်းအကြမ်းဖက် စစ်ကောင်စီတပ်မှ အပြစ်မဲ့အရပ်သားပြည်သူများအား ရန်သူသဖွယ်ပစ်မှတ်ထားကာ ကျေးရွာအတွင်းရှိ စာသင်ဆောင်များနှင့်နေအိမ်များအတွင်းသို့ ရည်ရွယ်ချက်ရှိရှိ ဗုံးကြဲပစ်ခတ်တိုက်ခိုက်မှု ကြောင့် ပိုင်ရပ်ကျေးရွာနေ ပညာသင်ယူနေသော အသက် (၆) နှစ်နှင့် (၈) နှစ် အရွယ် ကျောင်းသူကလေးငယ်

(၂)ဦး၊ အသက်(၇)နှစ်အရွယ် ကျောင်းသားကလေးငယ်(၁)ဦး၊ အသက်(၄၀)နှစ် အရွယ် ကျောင်းဆရာမ(၁)ဦးနှင့် အသက် (၆၅)နှစ် အရွယ်ရှိ အရပ်သားပြည်သူအမျိုးသား(၁)ဦးတို့သည် ဆိုးရွားစွာ ထိမှန်သေဆုံးခဲ့ရသည်။ ထို့အပြင် စာသင်ခန်းတွင်းရှိ အခြား ကျောင်းသူကျောင်းသား ကလေးသူငယ်(၁၈)ဦးနှင့် ဆရာမ(၁)ဦး အပါအဝင် အပြစ်မဲ့အရပ်သားပြည်သူ(၃)ဦး စုစုပေါင်း(၂၂)ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့ကာ စာသင်ကြားရာနေရာနှင့်အခြားနေအိမ် (၁၀) လုံးအပါအဝင် ဘာသာရေး အဆောက်အဦ (တပါးကျောင်း) (၁)လုံး ထိမှန်ပျက်ဆီးခဲ့ရသည်။

ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး အနေဖြင့် ကော်သူးလေ အတွင်း နေထိုင်ကြသည့် ကလေးသူငယ်များ အားလုံး၏ ပညာသင်ကြားခွင့် (Right to Education) ကို အသိအမှတ်ပြုပြီး လက်ရှိဖြစ်ပေါ်နေသော လက်နက်ကိုင်ပဋိပက္ခများကြောင့် ကျောင်းသူကျောင်းသားများ၊ ဆရာ/ဆရာမများ နှင့် စာသင်ကျောင်းများ၏ ဘေးကင်းလုံခြုံရေးကို စိုးရိမ်ပူပန်လျက် ယမန်နှစ် ၂၀၂၄ ခုနှစ် အောက်တိုဘာလ (၉)ရက်နေ့ တွင် "**ကော်သူးလေ တွင်းရှိကျောင်းများဘေးကင်းမှုဆိုင်ရာကြေညာစာတမ်း**" တစောင်အား ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်သည်။

သို့ရာတွင် စစ်ကောင်စီသည် စာသင်ကျောင်းများ နှင့် ကျောင်းသူကျောင်းသားများအပါဝင် အပြစ်မဲ့အရပ်သား ပြည်သူများအား ရည်ရွယ်ချက်ရှိရှိ ဆက်လက် ဗုံးကြဲပစ်ခတ်တိုက်ခိုက်နေဆဲဖြစ်ပြီး မိမိတို့၏ အနာဂါတ် မျိုးဆက်သစ်များမှာ ထိုသို့သော လေကြောင်းရန်၊ ဗုံးဒဏ်၊ လက်နက်ကြီးဒဏ်၊ စက်သေနတ်ဒဏ် တို့မှ လွတ်ကင်းမည်ထင်သည့် နေရာများတွင် ယနေ့ထိတိုင် ဘေးကင်းလုံခြုံမှုမရှိဘဲ အကြောက်တရားအပြည့်ဖြင့် ပညာသင်ကြားနေရသဖြင့် လွန်စွာမှ ဝမ်းနည်းကြေကွဲရပါသည်။

သို့ဖြစ်၍ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးမှ ကြေငြာစာတမ်းအဖြစ် ထုတ်ပြန်တောင်းဆိုထားသော "**ကော်သူးလေတွင်းရှိကျောင်းများဘေးကင်းမှုဆိုင်ရာကြေညာစာတမ်း**" အားထပ်လောင်း တောင်းဆိုလျက် အာဏာသိမ်း အကြမ်းဖက်စစ်ကောင်စီတပ်မှ စစ်ရေးပစ်မှတ် မဟုတ်သည့် ဘာသာရေးအဆောက်အဦများ ပြည်သူ့ဆေးရုံ ဆေးခန်း များ၊ စာသင်ကျောင်းများနှင့် အပြစ်မဲ့အရပ်သားပြည်သူနေထိုင်သည့်နေရာများအား ပစ်မှတ်ထားကာ ရည်ရွယ်ချက်ရှိရှိ လိုက်လံ ဗုံးကြဲပစ်ခတ်တိုက်ခိုက်နေမှုအပေါ် ကေအဲန်ယူ-ကရင်အမျိုးသား အစည်းအရုံး အနေ ဖြင့် ပြင်းထန်စွာ ကန့်ကွက် ရှုတ်ချကြောင်း ထုတ်ပြန်အပ်ပါသည်။

ဗဟိုအမြဲအလုပ်အမှုဆောင်ကော်မတီ

ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး

ဗဟို

ဆက်သွယ်ရန်

- စောနယ်ဒုဒါး (Signal +66 98 687 9384)
- နော်ဆိုဖီ (Signal +66 80 288 0996)

E-Mail: knu.comm@protonmail.com